ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

နလုံးသားချင်းသိနားလည်



အချစ်

လုံးချင်းဝတ္ထုကဲသစ်

# အခန်း(၁)

မြောက်ပြန်လေ လွန့်လွန့်လူးလူးကြားမှာ သစ်ရွက်ကြွေသံ၊ အချင်းချင်းထိခိုက်ပွတ်တိုက်သံတွေက ရှိုးရှိုးရှပ်ရှပ်။ အကြွေဘဝနှင့် မြေခနေရရှာသော သစ်ရွက်သစ်ခက်များကို နင်းဖြတ်လာသော ခြေတစ်စုံသည် တဖြည်းဖြည်းနှေးကွေးလျက် ဦးခေါင်းက ကောင်းကင်ကို မော့ကြည့်ပြီးသားဖြစ်သွားသည်။

ကြည်စင်နေသော မိုးကောင်းကင်သည် သူမရဲ့ ကစားဖော်အဖြစ် ပြုံးပြကြိုဆိုနေသလို။ တစ်ကိုယ်တည်း သွားတန်းညီလေးတွေပေါ်အောင် ရယ်လိုက်မိသည့် အပြင် ရင်ထဲမှာ လည်း လှိုက်ခနဲ ဖြစ်သွားမိ၏။

နံနက်ခင်း၏ နေရောင်ခြည် နုနုနွေးနွေးလေးက ဆီးကြိုပွေ့ဖက်လိုက်တာ လူတစ်ကိုယ်လုံးကို ပေါ့ပါးလန်းဆန်းသွားစေသည်။ တဖျပ်ဖျပ် တိုက်ခတ်နေသော လေနတ်သားက သူမ၏ ဆံနွယ်စလေးများကို ဖွာလန်ကြဲအောင် ဆော့ကစားလိုပေမဲ့ အနီရောင် ဦးထုပ်ကလေးက အကာအကွယ်ပေးထားသဖြင့် ထင်တိုင်းကြဲခွင့်မရဘဲ စိတ်ကောက်ကာ ခပ်ကြမ်းကြမ်းဘက်သို့ ခြေဆောင့်ကာ ဦးတည်လာ၏။

သဝဏ်လွှာ . . .

ဒီနာမည်ပိုင်ရှင် သူမလေးသည် လက်ထဲမှာ ကိုင်လာသော အနီနှင့် အဝါ တစ်ဖက်စီပါသောစွန်ကို လက်မှ လေထဲသို့ လွှတ်တင်လိုက်ပြီး ရစ်ဘီးလေးကိုကိုင်လျက် ကြိုးတွေကို တစ်ပတ်ချင်းဖြေလျှော့ပေးကာ စွန်

လေးကို ကောင်းကင်ယံထက်ဆီသို့ ပြေးလွှားပျံသန်းစေ၏။

ဒီစွန်လေးလို . . .

လွတ်လပ်ပေါ့ပါးစွာ ဘဝကို ပျံသန်းဖြတ်ကျော်ချင်ပေမယ့် အခြေအနေတစ်ခုကြောင့် ခြေချုပ်မိနေခဲ့သော သူမသည် . . .

ယခုတော့ . . .

စွန်လေးလိုပဲ လွတ်လပ်ဆော့ကစားခွင့် ရပြီ။

ဒီနေရာလေးကို တစ်ခါမှ မရောက်ဖူးခဲ့ဘဲ စပြီးရောက်ရှိလာတဲ့ နေ့မှာ ပဲ သူမရဲ့ အာရုံထဲမှာ ဒီနေရာသည် တစ်ရစ်ဝဲဝဲနဲ့ အိပ်မက်ထဲအထိ လိုက်ပြီးစိုးမိုးနိုင်ခဲ့သည် ။

“ဟဲ့.. ဇာနည် ကားခဏရပ်စမ်းပါ”

“ဘာလုပ်မလို့ လဲ”

“ရပ်ဆိုရပ်လိုက်စမ်းပါ”

အဲဒီနေ့က ဇာနည်ကားရပ်ပေးတာနှင့် ကားပေါ်ကပြေးဆင်းလာခဲ့မတဲ့ သူမ ဒီနေရာလေးမှာ ပဲ ဘာကိုလွမ်းမှန်းမသိ ဆွေးဆွေးမြေ့မြေ့လေးနှင့် မျက်ရည်ဝဲခဲ့ဖူးသည် ။

အခုကျတော့

စွန့်လွှတ်ရင်း ပျော်နေမိပြန်၏။ စွန်ဆီမှာ ပဲအာရုံ နစ်နေတဲ့ သဝဏ်. . .

“အင့်”

“အမလေး”

“ဟာ”

ကိုယ်လုံးကြီးတစ်ခုက တမင်တကာမျိုးကြီး သူမကိုယ်လေးကို ဝင်တိုက်လေတော့ သူမနောက်သို့ ဖင်ထိုင်လေးလဲကျသွားလေလျှင် တစ်ဖက်လူကလည်း အထိန်းအကွပ်မဲ့စွာ ထပ်လဲကျလေ၏။ သူ့ခေါင်းက သဝဏ်ရင်ခွင်ထဲမှာ မို့ တွန်းဖယ်လိုက်ရင်း . . .

“ရှင် တော်တော်ဗရုတ်သုတ်ခ နိုင်တဲ့ လူပဲ။ ဒါတမင်လုပ်တာမှန်း အသိသာကြီး”

“ဘာ”

သဝဏ်အသံလေးက စူးခနဲထွက်လာသလို တစ်ဖက်က “ဘာ” ဆိုသည့် အသံကြီးကလည်း ခြင်္သေ့အလား ကျားဟိန်းသံလားပမာ။

“ခုမှ အူကြောင်ကြောင် လုပ်မနေနဲ့ ။ ဒီအထာတွေ ရိုးနေပြီ”

“တောက်”

“အံမယ် . . . သူကပဲ တောက်ခေါက်ရတယ်ရှိသေး”

လဲကျနေရာမှ ထရပ်ဖို့ ကြိုးစားလိုက်တဲ့ သူ့လက်ထဲမှာ တုတ်တစ်ချောင်းပါသွားပြီးမှ ပြန်လွတ်ကျသွားသဖြင့် ဆတ်ကနဲ ပြန်ကောက်တာ မျိုးမဟုတ်ဘဲ လက်နှင့် စမ်းနေပုံက အကန်းနှင့် တူ၏။

သဝဏ် မျက်မှောင်လေးကြုတ်ပြီး . . .

“ရှင်က မျက်မမြင်လား”

“ဟုတ်တယ်... ကန်းနေတဲ့ ကောင်က ဝင်တိုက်မိတာကို မကန်းတဲ့ မင်းက မရှောင်နိုင်တာ ဘယ်သူလွန်သလဲ”

“အို”

သဝဏ် မျက်လုံးကလေး ဝိုင်းစက်ပြူးကျယ်ကာ သူ့ကိုငေးမောစွာ ကြည့်မိသွား၏။

သူ တကယ်မျက်လုံးမမြင်ရတာလား၊ မထင်ရလောက်စရာပဲ။

သဝဏ် စိတ်မကောင်း ဖြစ်သွားကာ တုတ်ကောက်ကလေးကို ကောက်ပြီး သူ့လက်သို့ ထည့်ပေးလိုက်မိ၏။

“ဟို စောစောက သဝဏ် မသိလို့ ပြောလိုက်မိတာ တောင်းပန်ပါတယ်နော်။ သဝဏ်က ဒီကကို တမင်ဗရုတ်ကျတယ်လို့ ထင်လိုက်မိတာ”

“ငါ့ရုပ်က အဲဒီလိုပုံပေါက်နေလို့ လား”

“အို...မပေါက်ပါဘူး ရုတ်တရက်မို့ ထင်လိုက်မိတာပါ”

သဝဏ် သူမျက်နှာကို မြင်လိုက်ရတဲ့ အချိန်မှာ သူငယ်ချင်း တစ်ယောက်လို ရင်းနှီးမှုလေးများ ရင်ထဲကို တိုးဝင်သွားတာ ဘာကြောင့် ပါလိမ့်။

ပြီးတော့...

သူ့ကို မြင်ဖူးနေသလိုလို၊ သိနေသလိုလိုနဲ့ အဖြေရှာတော့မတွေ့။

“ပြန်တော့မလို့ လားဟင်”

“ဟုတ်တယ်”

“ဘယ်ကိုပြန်မှာ လဲ... အဖော် မပါဘူးထင်တယ်။ သဝဏ် လိုက်ပို့ပေးမယ်လေ...”

“မဟုတ်မှ လွဲရော... မင်း သောကြာသမီးပဲဖြစ်မယ်”

“ရှင်...ဘာဖြစ်လို့ လဲ”

“စကားများ လို့ ”

ပြောပြီး သူကခြေလှမ်းတွေ ရွေ့လျားသွားလေလျှင် …

“နေပါဦး”

သဝဏ် သူ့လက်မောင်းကို ဆွဲထားလိုက်မိ၏။

“ဟေ့…မင်းဘာလုပ်တာလဲ။ ဖယ်စမ်း”

“တစ်ယောက်တည်းပြန်ရင် အန္တရာယ်များ တယ်၊ သဝဏ် လိုက်ပို့ပါ ရစေ”

“ငါ့ကို ဗရုတ်ကျတယ်လို့ ပြောပြီး တကယ်တမ်းလိုက်ငြိနေတာက မ င်း”

“သဝဏ်က ရိုးရိုးသားသားနဲ့ ကူညီချင်တာပါ”

“မလိုပါဘူး။ အမြင်အာရုံ ချွတ်ယွင်းနေပေမဲ့ ငါ့မှာ အကြားအာရုံရှိ တယ်။ ငါဘာသာ အေးအေးဆေးဆေးနေပါရစေ။ မင်းမနှောင့်ယှက်ပါ နဲ့ ”

တုတ်ကောက်နှင့် စမ်းလျှောက်သွားတဲ့ သူ့ကိုကြည့်ပြီး သဝဏ်မျက် ရည်တွေ ဝဲသွားမိတာဘာလဲ။ တကယ်ဆို သူနဲ့ ကိုယ်ဟာ အခုမှ တွေ့ဖူး ဆုံဖူးကျတာပဲဟာ။

သနားတယ်ပဲထားဦး မျက်ရည်က ဘာလို့ ကျလာရတာလဲ။

သဝဏ်…

ခြေဖွကာ သူ့နောက်ကို လျှောက်လိုက်သွားမိတော့ ရစ်ဘီးလေးနှင့် စွန်က အထီးကျန် အဖော်မဲ့စွာ။

“မင်း…ငါ့နောက်ကို ဘာလို့ လိုက်လာတာလဲ”

“ရှင်”

သူ့ခြေလှမ်းတွေ တန့်သွားတော့ သဝဏ်ခြေလှမ်းတွေလည်း ရပ်ပြီးသား။

ခြေသံမကြားပဲနဲ့ များ သူဘယ်လိုသိသွားပါလိမ့်။ တကယ် မျက်မမြင်ရော ဟုတ်ရဲ့ လားဟု သံသယဝင်ပြီးမှ ဘယ်သူက အဓိပ္ပါယ်မဲ့ ကန်းချင်ယောင်ဆောင်ပါ့မလဲဆိုတဲ့ စိတ်ကတစ်ဖက်မှာ ။

“မင်းမှာ စပ်စုချင်တဲ့ ဆန္ဒတွေ ပြင်းပြနေရင် နေရာမှားနေပြီ။ ငါကယောကျ်ား။ မင်းမေးတာကို ဖြေမှာ မဟုတ်ဘူး ၏။ ငါ့နောက်လိုက်ပြီး မစပ်စုနဲ့ ”

“သဝဏ် စပ်စုချင်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ သူများ အကြောင်းသိချင်တာ မဟုတ်ဘူး ။ ဒီကရဲ့ အကြောင်းစိတ်ဝင်စားတာ”

“မင်းက ဘာကို သိချင်တာလဲ”

“ဟို...”

“ငါ့နာမည် ခေတ်သစ်ညီ။ နောက်ထပ်ဘာမှ ထပ်မမေးနဲ့ တော့”

“သဝဏ် ဘာမှ ထပ်မမေးတော့ပါဘူး ... ကိုညီ”

“ဟင်”

ခေတ်သစ်ညီရဲ့ နှုတ်ခမ်းမှာ ပွင့်ဟသွားပြီး ရင်ထဲကို လေးလံသော အရာဝတ္ထုကြီး ပစ်ထည့်လိုက်သလိုပါပဲ။

ကိုညီတဲ့ .....

အများက ခေတ်သစ်၊ ကိုခေတ်၊ ကိုသစ် အစရှိသည် ခေါ်ကြပေမယ့် သူ့ကို ကိုညီလို့ ခေါ်တာ တစ်ဦးတစ်ယောက်တည်းရယ်ပါ....

“မင်းနာမည် သဝဏ်နော်”

“အပြည့်အစုံက သဝဏ်လွှာပါ ကိုညီ”

“ငါ့ကို ဘာလို့ ကိုညီလို့ ခေါ်လိုက်တာလဲ”

“အဲ့ဒါ သဝဏ်လည်း မသိဘူး။ သူ့အလိုလိုခေါ်မိသွားတာ ဘာလဲ မကြိုက်လို့ လားဟင်”

“ငါ့ကို ဒီလို ဘယ်သူမှ မခေါ်ဘူး”

“ဩော်”

ကိုညီလို့ ခေါ်တဲ့ သူ တစ်ဦးတစ်ယောက်ရှိခဲ့ဖူးတာကိုတော့ ရင်ထဲက နေအပြင်ကို ထွက်ခွင့် မပေးပေ။ ပြောပြဖို့ မှ မလိုအပ်တာ။ နှလုံးသားထဲမှာ သိမ်းဆည်းထားခဲ့သောသူ နှလုံးသားထဲမှာ ပဲ ခိုဝင်ကိန်းအောင်းနေပါစေ။

ကြည်ဖြူရယ်……..

လို့ လွမ်းဆွတ်တမ်းတမိတာက ရင်ထဲမှာ သာ

“သားရေ…”

“ဟော … ငါ့အမေလိုက် လာပြီ မင်းသွားတော့”

“ဟင်….ဘာလို့ သွားရမှာ လဲ။ မိတ်ဆွေဖြစ်ခွင့် မရှိဘူးလား။ ပြီးတော့ သဝဏ်က သူ့သားကို ကိုက်ဖဲ့စားနေတာမှ မဟုတ်တာ”

“မင်းက ဆင်းရဲသားလူတန်းစားထဲက ဆိုရင်တော့ ဆက်ရပ်နေလို့ ရပါတယ်”

“တစ်မျိုးကြီးပါလား”

သဝဏ် ရပ်နေဆဲမှာ ပဲ ဖြူဖြူချောချောနှင့် ခန္ဓာကိုယ် အချိုးအဆစ်လှသော အမျိုးသမီးက သူတို့ ဆီသို့ ခပ်သုတ်သုတ်လျှောက်လာနေသည် ။ ငယ်ငယ်တုန်းကဆို တော်တော်ချောမှာ ပဲဟု မဆီမဆိုင် တွေးဖြစ်လိုက်သေးသည် ။

အနားသို့ရောက်လာတော့ .....

အမျိုးသမီးကြီးက သဝဏ်ကို မလိုလားသော မျက်ဝန်းများ နှင့် စိုက်ကြည့်ပြီး...

“သူက ဘယ်သူလဲ သား”

“ဘယ်သိမှာ လဲ မေမေရဲ့ ။ သားကမျက်စိမှ မမြင်တာ ။ မေမေမြင်တာ မေမေကြည့်ပေါ့”

“မသိရင်လည်း ပြီးတာပါပဲ သားရယ်။ အထက်တန်းလွှာက လူချမ်းသာတွေဆိုရင် ကြောက်နေပါပြီ။ ဝေးဝေးကရှောင်ထားမှ ”

မေမေ့လေသံကို ကြားရခြင်းအားဖြင့် သဝဏ်ဆိုတဲ့ ကောင်မလေးက လူချမ်းသာတစ်ယောက်ပုံ ပေါက်နေလို့ ဆိုတာ ခေတ်သစ် ခန့်မှန်းလို့ ရသည် ။

လူချမ်းသာတွေကို ခေတ်သစ်လည်း မုန်းတာပဲ။ အဲဒီဂုဏ်တွေ ဓနတွေကြောင့် ခုလို ခေတ်သစ် ဒုက်ိတဘဝကို ရောက်ခဲ့ရတာ။

ကိုယ်က ဆင်းရဲမွဲတေနေတဲ့ ကောင် မဟုတ်ပေမယ့် သူများ တွေလို ဘာကုမ္ပဏီတွေ ညာကုမ္ပဏီတွေဟီးထနေအောင် ပိုင်ဆိုင်သူမဟုတ်တော့ သို့လောသို့လော ဂုဏ်ပုဒ်တွေကို ဘုရားလိုကိုးကွယ်နေသူတွေအတွက် ကိုယ်ဟာ ဘာမှ မဟုတ်တဲ့ ကောင်...

“မေမေ”

“ဘာလဲ သား”

“သူက ချမ်းသာတဲ့ ပုံလား”

“ဘယ်သူ့ကိုပြောတာလဲ သား”

“စောစောက မေမေမေးတဲ့ ကောင်မလေး”

ဒေါ်ဝတ်မှုံရဲ့ အကြည့် သဝဏ် ခြေထောက်ဆီသို့ ရောက်သွားပြီး...

“စီးထားတဲ့ ဖိနပ်တောင် ခြောက်သောင်းကျော် ခုနှစ်သောင်းလောက်တန်တယ်”

“အဟွန်း . . . ကုမဏီ ဝန်ထမ်း တစ်ယောက်ရဲ့ တစ်လစာလောက်တော့ ရှိတာပေါ့”

“ငါ့လိုရှိချင် ငါ့လို လုပ်ပေါ့လို့ နောက်ထပ်အပြောမခံပါနဲ့ တော့ သားရယ်”

“ခဲမြင်ရုံနဲ့ မကောက်ခင်က ကြောက်နေပါပြီ မေမေရယ်။ အထက်တန်းလွှာတွေကို ရောင်သွေလွဲလို့ မမှီဝဲဘဲ ကင်းအောင်နေမှာ ပါ”

“အဲဒါက အဖြစ်သင့်ဆုံးပဲလေ သားရဲ့ ”

သားအမိနှစ်ယောက် သူတို့ ပဲမေး သူတို့ ပဲဖြေ ။ သဝဏ်ဘာမှ ဝင်ပြောခွင့် မရလိုက်ပဲ လှည့်ပြန်မသွားလိုက်ကာ

“နေပါဦး... လူချမ်းသာစာရင်းဝင်တွေကို ဒီလောက်အသေအလဲမုန်းနေရအောင် reason တစ်ခုတော့ ရှိရမှာ ပေါ့ ”

“ရှိတဲ့ အကြောင်းကို ပြောပြတာထက် ဘဝပျက်ခဲ့ရတာက မင်းအမြင်ပေါ့ ကလေးမရယ်။ စိတ်ရှည်လို့ ဖြေတာတော့ မဟုတ်ဘူး ။ ပက်သက်ဆက်နွယ်မှုတွေ ရှိလာမှာ စိုးလို့ ကြိုတင်သတိပေးတားမြစ်တာ ။ အန်

တို့ သားနဲ့ ပက်သတ်ဖို့ စိတ်ကူးရှိရင် စောစောစီးစီး ပယ်ချပစ်နိုင်အောင်ပါ”

ဒေါ်ဝတ်မှုံ အပြတ်ပြောပစ်လိုက်သည် ။ သူမ အဝေးကနေ လှမ်းမြင်လိုက်တာ ကောင်မလေးက သားနောက်ကို လျှောက်လိုက်နေတာ ။

“လူချမ်းသာတွေလို့ တော့ သိမ်းကျုံးပြီး မပြောပါနဲ့ အန်တီရယ်။ လူချင်းတူရင်တောင် အသက်ရှူတာချင်းတော့ ကွာပါသေးတယ်။ ချမ်းသာတဲ့ သူတိုင်း မမောက်မာကြသလို ဆင်းရဲတဲ့ လူတွေထဲမှာ လည်း မောက်မာချင်နေတဲ့ သူတွေ ရှိကြပါတယ်။ စကားကို တစ်ဖက်သောင်ထွန်း တစ်ဖက်ကမ်းပြိ ပြောတာတော့ မကောင်းဘူးထင်ပါတယ်”

“မင်းပြောတာမှန်ပါတယ်။ ဒါပေမဲ့ ရာနှုန်းပြည့်တော့ မဟုတ်ဘူး ။ တို့ က ကျောက်ခဲနဲ့ အကြိမ်ကြိမ် အပစ်ခံရဖူးတော့ သဲမြင်ရင်လည်း လန့်နေတာပဲ။ ကျောက်ခဲပဲဖြစ်ဖြစ် သဲပဲဖြစ်ဖြစ် နောက်တစ်ကြိမ်ဆိုတာ မရှိတော့အောင်ရှောင်ရမှာ ပဲ”

“တော်ပါတော့ မမေမေရယ်။ သားတို့ သွားရအောင်”

ဒေါ်ဝတ်မှုံ သားလက်မောင်းကို ဆွဲခေါ်သွားတဲ့ အချိန်မှာ သဝဏ်တွေးတွေးငေးငေးလေး ရပ်ကျန်ခဲ့၏။

ဒါ နောက်ဆုတ်ဖို့ မဟုတ်ဘူး ရှေ့တိုးဖို့ ။

*

## အခန်း(၂)

“နင် ငါ့ကို ကူညီပါ ဇာနည်ရယ်နော်”

“ဘာရောဂါထတာလဲ သဝဏ်ရာ။ အန်တီသိရင် ပြဿနာတက်ဦးမယ်”

“ပြဿနာဖြစ်ရင် ငါပဲ ရင်ဆိုင်မှာ ပါ နင်မပါစေရဘူး။ စိတ်ချ။ နင်က ခေတ်သစ်ညီဆိုတဲ့ လူအကြောင်းကို စုံစမ်းပေးရုံပဲ”

“အသည်းအသန်ပါလား။ အချိန်တန်ရင် ဆေးမမီဖြစ်ဦးမယ်။ အဲဒီတော့မှ ငါ့ကို အပြစ်မဖို့ နဲ့ ”

“မဖို့ ပါဘူး ခိုင်းတာကိုပဲ လုပ်ပေး....ကျေနပ်ပြီ”

ဇာနည်က ဘုကြည့်ကြည့်လေတော့ သဝဏ်က ရယ်သည် ။ မောင်နှမ နှစ်ဝမ်းကွဲတော်ပြီး ငယ်ငယ်ကတည်းက အတန်း တူတူတက်ခဲ့ကြတော့ သူငယ်ချင်းလည်း ဖြစ်ပေါ့။

ဇာနည်နဲ့ သဝဏ်က ဆိုးတူကောင်းဖက်မောင်နှမ သူငယ်ချင်းတွေပေါ့နော်။

“အလကားတော့မရဘူး.... အပေးအယူလုပ်”

“ငါထင်သားပဲ။ တစ်ခုခိုင်းတာနဲ့ တစ်ခုပြန်ညှစ်တော့မယ်ဆိုတာ”

“နောက်ဆုံး ငါပဲ အလျှော့ပေးရတာ များး ပါတယ်ဟာ။ အခုဟာက

နင်ကူညီနိုင်တာကို ပြန်ခိုင်းမှာ ပါ”

“ဘာလဲ... ပြော”

“အဟဲ .. ဟိုဟာ”

ဇာနည်ခေါင်းကို ကုတ်တော့မလိုနှင့် မကုတ်ဖြစ်ပဲ ဆံပင်တွေကို လက်နှင့် သပ်ကာ...

“ပြောလေ”

“ရှက်နေလို့ ပါဟာ... ပြောမယ်”

“အံမယ်... သူကပဲ”

“ငါ...ချစ်ပုံစုကို ကြိုက်နေတာဟာ.. အဲဒါနင် ပြောပေးလေ”

“ဟဲ့.. ငါပြောပေးရင် ငါ့ပါးစပ်ထဲက စကားတွေပဲ ထွက်မှာ ပေါ့။ နင့်ရင်ထဲက ဟာတွေပါမလား။ နင် ကိုယ်တိုင်ပြောမှ ဖီလင်လာမှာ ပေါ့”

“တွေ့လား.... နင့်အလှည့်ကျရင် အမြဲခေါင်းရှောင်တယ်။ ငါမပြောရဲသေးလို့ နင့်ကို လမ်းဖောက်ခိုင်းတာပေါ့ဟ။ လမ်းဖြောင့်မဖြောင့်ကြည့်ပြီးမှ ငါက ဆက်လျှောက်ချင်တာ။ ငါက ချစ်ပေမဲ့ ပါးရိုက်ခံရမှာ တော့ အကြောက်သား”

ဇာနည်က ပခုံးတွန့်ကာ ဆိုသည် ။ တကယ်လည်း သူ့အသား အနာခံရမှာ ကြောက်တာ။ ဇွဲပျော့တတ်တာလည်း လွန်ရော။

“နင် ယောကျ်ားများ မဟုတ်ဘူး လား ဇာနည်ရဲ့ ”

“ယောကျ်ားက ယောကျ်ားပဲ..ကိုယ့်အသားတော့ ဘယ်သူမှ အနာခံချင်မလဲဟ”

“နေပါဦး... နင့်ဟာက စစ်မရောက်ခင် မြားက ကုန်ချင်နေတာ ။ ဟို

က နင်ပြောရင် ပါးရိုက်လွှတ်မယ်လို့ ကြိမ်းဝါးထားဖူးလို့ လား”

“ဘယ်ကလာ... ကြိုတွေးပြီး ကြိုကြောက်နေတာလေ... ဟဲ....ဟဲ... .”

“ရှူးပဲ့”

သဝဏ် ပျစ်ပျစ်နှစ်နှစ်ပြောပစ်လိုက်၏။ ဘယ့်နယ် ကိုယ့်ကိုယ်ကိုယ် ဒီလောက်တောင် ယုံကြည်မှု နည်းရမလား။ ဇာနည်ဖြိုးဆိုတဲ့ ကောင်က ငမွဲ ငတေ ငပြူး ငပြဲ ထော်လန်ကြဲကြီးမှ မဟုတ်တာ။ နှစ်ခါပြန်ငေးရ လောက်အောင် ပက်ပက်စက်စက်ချောတာမျိုး မဟုတ်ပေမဲ့ ကြည့်ပျော် ရှုပျော်ထက်တော့ အများကြီးသာပါသည် ။ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်နှင့် မျက်ခုံးမျက်လုံးကအစ သူ့အနေအထားနှင့် သူ ကြည့်ကောင်းနေတာပဲ။ ပေါ်ပြူလာမဟုတ်ပေမယ့် မဒီကညာတွေ စိတ်ဝင်စားစရာပုံစံမျိုးလေးပါ။ ဗီဒီယိုကားတွေထဲမှာ ဆို ဇာတ်ပို့ ဇာတ်ရံလောက်ပေါ့။

“ကောင်းပြီလေ ... အပေးအယူသဘောမျိုးဆိုတော့ ကူညီရမှာ ပေါ့”

“အဲဒီလို လုပ်စမ်းပါ သူငယ်ချင်း ညီမလေးရာ”

“ဟွန်း...ယောကျ်ားတန်မဲ့ ခွဲနေတာ... ကျားခွဲကြီး”

သဝဏ် မျက်စောင်းထိုးတော့ ဇာနည်က ရယ်လျက်...

“နင့် လူနာမည်က ခေတ်သစ်ညီနော်”

“ဟုတ်တယ်... blind man (မျက်မမြင် ) တစ်ယောက်ပဲ၊ အသားဖြူဖြူ အဲ ဖြူတာ မဟုတ်ဘူး ... ဝင်းဖန့်ဖန့်၊ မျက်ခုံးမွေးကောင်းကောင်း ၊ အရပ်ရှည်ရှည်၊ သူ့ရဲ့ နှုတ်ခမ်းလေးက စိုရဲပြီး...”

“တော်ပါတော့ .. နင့်ကို အဲဒီလူ ဘယ်လောက်ချောကြောင်း ကြွားခိုင်းနေတာ မဟုတ်ဘူး ”

သဝဏ်က လျှာလေးတစ်လစ် လုပ်ပြ၏။

တကယ်ချောတာပါ...ခေတ်သစ်ညီဆိုတဲ့ တစ်ယောက်ကို စမြင်လိုက်ကတည်းက သနားခြင်းနှင့် အတူ သဝဏ် ဘာဖြစ်မှန်း မသိ။ ချောလို့ချစ်တာထက် ချစ်လို့ ချောတာလည်း ဖြစ်နိုင်သည် ။

အံမယ်...

သဝဏ် အချစ် အကြောင်းတွေ တွေးမိလိုက်တာလား။ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးသော ဒီအချစ်ဆိုတာကြီး ဘယ်ကနေရောက်လာပါလိမ့် ။ တစ်နေ့ တစ်နေ့...

ပါးစပ်နဲ့ ဆေးပြတ်တယ် မရှိဘဲ အားလုံး ရဲ့ မျက်လုံးဒေါက်ထောက်ကြည့်ခံနေရတဲ့ သဝဏ် လောကကြီးကို အရှုံးပေးရတော့မယ့် အချိန်...

အခု သူများကောင်းလို့ ဆိုတာထက် သူများ သေမှ ကိုယ်က ဆက်လက်ရှင်သန်ခွင့်ရတဲ့ အဖြစ်။

“သဝဏ်”

“ဟင်”

“ခေတ်သစ်ညီ ဆိုတဲ့ နာမည်ကို ငါ ကြားဖူးသလိုပဲဟ။ တွေးကြည့်တော့ မရဘူးဖြစ်နေတာ”

“ငါလည်း ရင်းနှီးသလို ခံစားနေရတာ။ အဲ့ဒါကြောင့် ”

သဝဏ် စကားမဆက်ဖြစ်ပေမယ့် မျက်ဝန်းမှာ တော့ ဘာသာမဲ့ စ

ကားတွေ အရိပ်ထင်လျက်...

“ငါ တစ်ခုတော့ စဉ်းစားမိတယ် သဝဏ်”

“ဘာလဲ... ဇာနည်”

“နှလုံးသားချင်း ရင်းနှီးနေတာရော မဖြစ်နိုင်ဘူးလား။ ဟုတ်တယ်.. ...နင့်ရင်ထဲက နှလုံးသားနဲ့ ရင်းနှီးခဲ့ဖူးတာဆိုရင်...”

“ဟင်”

မျက်လုံးလေး အဝိုင်းသားနဲ့ ရင်ထဲမှာ လည်း လှိုက်ခနဲ ဖြစ်သွားကာ ချက်ချင်းမျက်ရည်တွေ ဝေ့တက်လာ၏။ လွမ်းဆွတ်တမ်းတမိလိုက်တာ ကိုညီ။

“နင် ငါနဲ့ လိုက်ခဲ့ ဇာနည်”

“ဘယ်ကိုလဲ”

“လိုက်မှာ သာ လိုက်ခဲ့ပါ”

သဝဏ် ပြေးထွက်သွားတော့ ဇာနည် နောက်မှ လိုက်ခဲ့ရသည် ။ သဝဏ် ပြေးသွားတာက သိမ့်ကြည်ဖြူတို့ အိမ်ကိုပါ။

“ဟယ်... သမီး သဝဏ်ပါလား။ ဘယ်က လှည့်လာတာလဲ”

“ဒီကိုပဲ လာခဲ့တာ အန်တီ။ သဝဏ်ကို ကြည်ဖြူ အခန်းထဲ ခဏ လောက်ဝင်ခွင့်ပေးပါနော်”

ကြည်ဖြူမာမီ ဒေါ်မိုးပပ ကြောင်ကြည့်နေဆဲမှာ ပဲ ဇာနည် နားလည်လိုက်ပါပြီ။

ကြည်ဖြူနှလုံးသားနဲ့ အသက်ဆက်ရှင်နေရတဲ့ သဝဏ်။ ကြည်ဖြူနဲ့ ခေတ်သစ်ညီ ပက်သတ်ခဲ့ဖူးတယ်ဆိုရင်။

“အန်တီမိုးကို ကျွန်တော် တစ်ခုလောက်မေးပါရစေ”

“မေးပါ မောင်ဇာနည်။ အန်တီ သိတာဆိုရင် ဖြေပါ့မယ်”

“ကြည်ဖြူရဲ့ ချစ်သူဆိုတာ...”

မေးရမှာ အားနာသလို စကားကို ဖြတ်ထားလိုက်ပေမဲ့ ဒေါ်မိုးပပက မချိသောလေသံနှင့် ...

“သမီးလေးရဲ့ ချစ်သူဆိုတာ ခေတ်သစ်ညီတဲ့ မောင်ဇာနည်”

“ဟင်’’

“အို”

ဇာနည်နှင့် သဝဏ် အကြည့်ချင်း ဆုံသွားကြတာ “ဒါကြောင့် ကိုး” ဆိုတဲ့ အဓိပ္ပာယ်နှင့် ။

“အန်တီ့ နောင်တတွေက နောက်ကျသွားပါပြီကွယ်။ သမီးတစ်ယောက်လုံး ဆုံးရှုံးပြီးမှ ရလိုက်တဲ့ နောင်တက ဘာအသုံးကျတော့ မှာ လဲ၊ အန်တီ့ရဲ့ အတ္တ မာနတွေကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာ ။ တကယ်တော့ ခေတ်သစ်ညီဆိုတာ အန်တီတို့ လောက် မချမ်းသာပေမဲ့ လူတော်လူကောင်းလေးတစ်ယောက်ပါ။ ရေကို ဓါးနဲ့ ခုတ်ဖြတ်လို့ မရသလို နှလုံးသားဆိုတာလည်း စိတ္တဇနာမ်ဆိုတာ အန်တီ မနဂုဏ်မောက်နေတဲ့ အချိန်မှာ မေ့နေခဲ့တယ်၊ အချစ်ဆိုတာကို ဂုဏ်ပေကြိုးနဲ့ တိုင်းတာမိတော့ မြွေပါလည်း ဆုံး သားလည်း ဆုံးခဲ့တာပေါ့”

တုန်ယင်နေသော စကားသံရဲ့ အဆုံးမှာ ဒေါ်မိုးပပ မျက်ရည်တွေကဖြိုက်ခနဲ ကျလာ၏။ ပြီးမှ သဝဏ့် လက်ကလေးကို ထွေးဆုပ်ကာ

“သမီးလေးဆုံးသွားပေမယ့် သမီးရဲ့ နှလုံးသားလေး လူ့လောကမှာ

ကျန်ရှိနေပါသေးလားဆိုတဲ့ အသိနဲ့ အန်တီ ကိုယ့်စိတ်ကို ဖြေသိမ့်နေခဲ့ရ တာပါကွယ်”

“သဝဏ်”

“ငါသိပြီ ဇာနည် ။ ငါက ကြည်ဖြူနှလုံးသားနဲ့ ရှင်သန်နေရသူပါ။ ကိုညီ့ အတွက် ငါ့ ရင်ထဲက နှလုံးသားတွေကို ကြည်ဖြူကိုယ်စား...”

သဝဏ် အိခနဲ ငိုချလေတော့ ဇာနည် ပျာပျာသလဲ ဖြစ်သွား၏။

“ဟာ ... မငိုနဲ့ လေ သဝဏ်ရယ်”

“သမီး... သဝဏ်”

“.....”

“သမီး... ခေတ်သစ်ညီနဲ့ တွေ့လာတာလား”

“ဟုတ်တယ် အန်တီမိုး။ သဝဏ်က ကျွန်တော့်ကို ခေတ်သစ်ညီ အကြောင်းကို စုံစမ်းခိုင်းနေတာ။ အရင်တုန်းက သဝဏ်လွှာဆိုတာ ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘဲ ကင်းရှင်းအောင်နေခဲ့တဲ့ မိန်းက လေးဆိုတာ အန်တီသိမှာ ပါ”

ဒေါ်မိုးပပ ခေါင်းညိတ်ရင်း မျက်ရည်တွေကို သုတ်ကာ ...

“သိပါတယ်ကွယ်... ရောဂါဝေဒနာကို ခံစားပြီး သူ့ဘဝသူ အားမလို အားမရနဲ့ ဖြစ်ပြီး လူတွေနဲ့ ကင်းအောင်နေခဲ့တာ။ ဒါကြောင့် အားလုံး ဆုံးရှုံးသွားရမဲ့ သမီးလေးရဲ့ နှလုံးသားတစ်ခုကို အန်တီ အရယူထားခဲ့ တာ။ သမီးလေးမရှိတော့ပေမယ့် သမီးလေးရဲ့ နှလုံးသားက သဝဏ်နဲ့ အတူ ဆက်လက်ရှင်သန်နေတာ အန်တီ ကျေနပ်တယ်”

“အခု သဝဏ်က ခေတ်သစ်ညီကို မသိခဲ့ပေမယ့် ကြည်ဖြူရဲ့ နှလုံး

သားက သိနေတယ် အန်တီ”

“ဒါ ဖြစ်တတ်ပါတယ် မောင်ဇာနည်။ သမီးလေး ခေတ်သစ်ညီကို ဘယ်လောက်ချစ်တယ်ဆိုတာ၊ အသက်ပေးပြီး သက်သေပြတာကိုပဲ ကြည့်ပေါ့။ ဒါတွေကို ခေတ်သစ်ညီက မသိခဲ့တော့ အန်တီတို့ ကို စိတ်နာနေမှာ မလွဲမသွေပဲပေါ့ကွယ်”

အချစ်အတွက်နဲ့ အသက်ပင်သေသေ မင်းဒဿရဲ့ မေတ္တာတရားကို လေ ဆိုတဲ့ သီချင်းစာသားလို၊ မကြမ်းမရမ်းပဲ နူးညံ့သိမ်မွေ့စွာ အချစ်ကို ကိုးစားသွားခဲ့သည့် သမီးလေး ကြည်ဖြူရဲ့ နှလုံးသားသည် ...

ယခုထိတိုင်ပဲ...

“သမီးလေး ကြည်ဖြူရဲ့ အခန်းထဲကို... သမီး သဝဏ်သွားချင်တယ် ဆို အန်တီလိုက်ပို့ပါ့မယ်ကွယ်”

*

# အခန်း(၃)

“ပြေးကြည့်မှ ဒီသားအမိ နှစ်ယောက်ပဲရှိတာ။ မေမေ Market ကို သွားနေတုန်း အိမ်မှာ သားကို ထားခဲ့ရတာ စိတ်မချပါဘူးကွယ်”

“အိမ်မှာ ဒေါ်ကြီးချို ရှိနေသားပဲ မေမေရဲ့ ”

“ဒေါ်ကြီးချို ရှိနေတော့ရော အိမ်အလုပ်တွေတစ်ဖက်နဲ့ သူသားကို ဘယ်လိုလိုက်ကြည့်နေနိုင်မှာ လဲ။ မဖြစ်ပါဘူးကွယ်။ သားကို ပြုစုစောင့်ရှောက်ဖို့ nurse တစ်ယောက်ကို ခေါ်ထားမှ ဖြစ်မှာ ပါ”

ခေတ်သစ်ညီ လက်လျှော့ရမည် ထင်ပါရဲ့ ။ မေမေက ဒါဆို ဒါသမား ။ နူးညံ့ပြီဆို ပန်းပွင့်ဖတ်ကလေးတွေက အရုံးပေးရပြီး ၊ မာပြီဆို သံမဏိက အမေ ထိုင်ခေါ်ရမည့် လူမျိုးပင်။

သားကိုချစ်တဲ့ အမေနဲ့ ...

အမေကို ချစ်တဲ့ သား...

နှစ်ယောက်ကြားမှာ သူကငါ့ ငါက သူညာ၊ ကြားထဲမှာ ဟာယာခတ်ရတာ ဒေါ်ကြီးချိုပင်။

“သားကို ဂရုစိုက်ပါ ဒေါ်ကြီးချို။ ကျွန်မမှာ ဒီသားလေး တစ်ယောက်ပဲ တွယ်တာစရာရှိတာ။ နောက်ထပ် ဘာတစ်ခုမှ ထိခိုက်မခံနိုင်ဘူး”

“သားက လူငယ်ပဲ။ မျက်စိ မမြင်တာက လွဲရင် ဘာမှ မဖြစ်ဘူး။ မေမေက အသက်ကြီးပြီ။ စီးပွားရေးက တစ်ဖက်၊ သားစိတ်က တစ်ဖက်နဲ့

မေမေ့ကို ဂရုစိုက်ပါ ဒေါ်ကြီးချို”

ဆိုတာမျိုးတွေကြောင့် ပေါ့။

“ဝတ်မှုံ ပြောတာ မှန်တယ်သား။ ဒေါ်ကြီးချိုက သားကို မျက်ခြေမပြတ် လိုက်ကြည့်နေနိုင်တာ မဟုတ်ဘူး ။ မတော်လို့ တစ်ခုခုဖြစ်ရင် ဒုက္ခ။ သားမေမေရဲ့ စကားကိုနားထောင်ပါကွယ်”

“nurse ငှားတော့ ပိုက်ဆံအပိုကုန်တာပေါ့ ဒေါ်ကြီးချိုရဲ့ ။ မေမေရှာတဲ့ ပိုက်ဆံကို ကျွန်တော့ အတွက် အပိုမကုန်စေချင်ဘူး”

“အဲဒါဆို မျက်စိ ကု လိုက်လေ။ သားမျက်စိမြင်မှ မအေကို လုပ်ကျွေးနိုင်မှာ ပေါ့ ”

“တော်တော့ ဒေါ်ကြီးချို”

ခေတ်သစ်ညီရဲ့ အသံက မာဆတ်ဆတ် ဖြစ်သွားပြီး နှုတ်ခမ်းအစုံက တင်းတင်းစေ့သွားသည် ။

“ကျွန်တော် ဒီမျက်စိကို မကုဘဲထားတာ လူသတ်မိမှာ စိုးလို့ ဗျ။ ဒီမျက်လုံးက မြင်နေရင် ဒေါ်မိုးပပဆိုတဲ့ မိန်းမကြီးကို သွားသတ်မိမှာ ”

“သားမကြိုက်တာကို မပြောပါနဲ့ ဒေါ်ကြီးချို”

ဒေါ်ဝတ်မှုံပြောတော့ ဒေါ်ကြီးချို ငြိမ်သွား၏။ လူချမ်းသာ အသိုင်းအဝိုင်းနဲ့ ပက်သတ်ပြီး သားက ဒီတစ်ခါပဲ နာဖူးသေးလို့ ။ သူမကတော့ မိအေးနှစ်ခါနာဖြစ်ခဲ့ရတာလေ။

နောက်ထပ် သားကို အဆုံးရှုံးခံပြီး ရင်နာမခံနိုင်တော့ပါဘူး။

ဒါကြောင့် သားစိတ်တိုင်းကျ ခေါင်းညိတ်ခဲ့တာ။ ဒေါ်မိုးပပဆိုတဲ့ မိန်းမကို သားသတ်ပစ်ချင်လောက်အောင် မုန်းနေမှာ ။ မျက်စိကုဖို့

ပြောတိုင်း...

“သားမျက်လုံးတွေ မြင်တဲ့ နေ့ အဲဒီ့ မိန်းမကြီးကို သတ်တဲ့ နေ့ပဲ”

လို့ ပြောတဲ့ သားရဲ့ စကားကြောင့် ဒုက္ခ အရောင်တွေ မရင့်စေချင်လို့ သောကအရောင်ပျော့လေးကိုပဲ မျှဝေခံစားပေးနေခဲ့တာ။

“သား”

“. . .”

“nurse ငှားဖို့ ကိစကိုတော့ မငြင်းပါနဲ့ သားရယ်။ မေမေဒါလေး တစ်ခုတော့ စိတ်ချမ်းသာပါရစေ”

ခေတ်သစ်ညီ သက်ပြင်းတစ်ချက်ချလိုက်ပြီး...

“ကောင်းပြီလေ...မေမေ့ သဘောပါပဲ”

“မေမေ ဝမ်းသာလိုက်တာ သားရယ်”

“တစ်ခုတော့ရှိတယ် မေမေ”

“ဘာများ လဲ သား”

“စပ်စုတဲ့ သူတော့ မဖြစ်ပါစေနဲ့ ”

ဒေါ်ဝတ်မှုံ ဒီလိုလက်ခံတာလေးကိုပဲ သားအားကျေးဇူးတင်စွာ...

“အဲဒီအတွက် စိတ်ချပါ သားရယ်”

ဒေါ်ဝတ်မှုံ Market ကို သွားဖို့ ထရပ်လိုက်သည် ။

“ဒေါ်ကြီးချို”

“ပြောလေ ဝတ်မှုံ”

“သားကို ခဏခဏ လာကြည့်နော်။ မမြင်မစမ်းနဲ့ ဟိုဟို ဒီဒီ လျှောက်သွားနေမှာ စိုးလို့ ”

“အေးပါ”

အကဲပိုတယ်လို့ မပြောရက်ပါဘူး။ ဒါမိခင်တစ်ယောက်ရဲ့ ကြီးမားသော မေတာတရားပါ။

“မေမေ သွားမယ်နော် သား”

“ကားကို ဂရုစိုက် မောင်းနော် မေမေ”

“ဟုတ်ကဲ့ပါရှင်”

သားအမိ နှစ်ယောက်ကြားက မေတာ အတိမ်အနက်သည် ဘယ်အရာနှင့် မှ တိုင်းတာလို့ မရအောင် စိုးရိမ်ပူပန်မှုတွေက အဲဒီလို....

*